
သင်ယူရေး
စာစောင်
၁

# လူ့အခွင့်အရေးနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု



အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုသည် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ရှုထောင့်ပေါင်းစုံမှ တုန့်ပြန်သည့်လုပ်ငန်းစဉ်များ ဖြစ်ပါသည်။ ကျူးလွန်ခံရသူများ၏ဂုဏ်သိက္ခာ ပြန်လည်ရရှိရေး၊ ငြိမ်းချမ်းရေးကို မြှင့်တင်ပေးခြင်း၊ ပြန်လည်သင့်မြတ်ရေးကို မြှင့်တင်ပေးခြင်းနှင့် မျှတသည့် အုပ်ချုပ်ရေးစနစ်များ ဖြစ်ပေါ်လာစေရန် လုပ်ဆောင်ပါသည်။ အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုသည် မတူကွဲပြားခြားနားသော တရားမျှတမှုပုံစံမဟုတ်ပါ၊ ကျယ်ပြန့်သော လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားခဲ့သည့် ကာလလွန်မြောက်ပြီးနောက်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် လူ့အသိုက်အဝန်းနှင့် လိုက်လျောညီထွေသော တရားမျှတမှု ဖြစ်ပါသည်။ အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု အယူအဆသည် ၁၉၈၀ နှစ်များနှောင်းပိုင်းနှင့် ၁၉၉၀ နှစ်ဦးပိုင်းတွင် ထွက်ပေါ်လာပြီး အထူးသဖြင့် အရှေ့ဥရောပနှင့် လက်တင်အမေရိကနိုင်ငံများအတွင်း နိုင်ငံရေးအသွင်ကူးပြောင်းမှုနှင့် တရားမျှတမှုတောင်းဆိုခြင်းများမှပေါ်ပေါက်လာသည်။ ဖြစ်ပေါ်တိုးတက်နေသော နိုင်ငံရေးအသွင် ပြုပြင်ပြောင်းလဲမှုများကို မထိခိုက်စေပဲ ယခင်အစိုးရအာဏာပိုင်များက စနစ်တကျ ကျူးလွန်ချိုးဖောက်မှုများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများနှင့် အခြားသူများ၏ ကြိုးပမ်းမှု ဖြစ်သည်။

# အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုမဟာဗျူဟာများတွင် ယေဘုယျအားဖြင့်အောက်ပါတို့ပါဝင်ပါသည်



## အမှန်တရားရှာဖွေခြင်း

ဤလုပ်ငန်းစဉ်သည် ပဋိပက္ခကာလအတွင်း ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာ များကို တိတိကျကျ ဖော်ထုတ်တင်ပြခြင်း၊ မရှင်းလင်းသော အကြောင်းအရာများကို ရှင်းလင်းခြင်းနှင့် ဖုံးအုပ်နှုတ်ဆိတ်နေမှုများ၊ ပိတ်ပင်ခံထားရသော အငြင်းပွားဖွယ်ရာကိစ္စများနှင့် သမိုင်းအတွင်း နာကျင်စရာအချိန်များကို ဖွင့်လှစ်ပြသည်။



## ပြန်လည်ကုစားခြင်း

ပြန်လည်ကုစားခြင်းသည် ကျူးလွန်ခံရသူ (ရှင်သန်လွတ်မြောက်သူ) ၏ အခွင့်အရေးကို အသိအမှတ်ပြုခြင်းနှင့် ၎င်းတို့ ခံစားခဲ့ရသည့် ဒဏ်ရာများကို ကုစားရန်ဆောင်ရွက်သည်။



## တရားစွဲဆိုခြင်း

တရားစွဲဆိုခြင်းက ရာဇဝတ်မှုများကို မည်မျှကျယ်ပြန့်သည့် အတိုင်းအတာ အထိ ကျူးလွန်ခဲ့သည်ကို ဖော်ထုတ်နိုင်သော အလားအလာရှိပြီး ကျူးလွန်ခံရသူ၏ ဂုဏ်သိက္ခာ ပြန်လည် တည်ဆောက်ခြင်းနှင့် ပြည်သူတို့၏ တရားဥပဒေစိုးမိုးရေး အပေါ် ယုံကြည်မှုကို ရရှိစေပါသည်။



## အင်စတီကျူးရှင်းဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း

ဖိနှိပ်ချုပ်ချယ်၍ တာဝန်မဲ့သော လုံခြုံရေးဆိုင်ရာစနစ်များနှင့် အခြားဖွဲ့စည်းတည်ဆောက်ပုံနှင့် အဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲခြင်းသည် အနာဂတ်တွင် ထပ်မံမဖြစ်ပွားစေရန် တားဆီးရန်နှင့် ပြည်သူလူထုအတွက် ထိရောက်၍ တာဝန်ယူမှုရှိသော လုံခြုံရေးကို ပေးစွမ်းသည်။

၂၀၁၂ ခုနှစ်တွင် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးကောင်စီက လူ့အခွင့်အရေးနှင့် အသွင်ကူးပြောင်းမှုဆိုင်ရာတရားမျှတမှုနှင့် သက်ဆိုင်၍ ဆုံးဖြတ်ချက်တရပ်ကို ထုတ်ပြန်ခဲ့ပြီး၊ 'အသွင်ကူးပြောင်းရေးဆိုင်ရာ လုပ်ငန်းစဉ်များ သက်ဆိုင်သည့် နေရာတွင် နိုင်ငံတကာနှင့် တိုင်းပြည်များ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများအား ရပ်တန့်အဆုံးသတ်ရေး ကြိုးပမ်းမှု၊ ပဋိပက္ခကာလနှင့် ပဋိပက္ခလွန်ကာလများတွင် တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးမှု ပြန်လည်ရရှိစေရန် အရေးကြီးပြီး အရေးပေါ်ဖြစ်သည်' ဆိုသည့် အချက်အပါအဝင် အောက်ခြေလုပ်ငန်းစဉ်များမှ ထွက်ပေါ်လာသော အခြေခံစံနှုန်းများကို ထပ်လောင်း၍ အတည်ပြုခဲ့သည်။

ထိုဆုံးဖြတ်ချက်က လူ့အခွင့်အရေးချိုးဖောက်မှုများ ထပ်မံမဖြစ်ပွားခြင်းကို တားဆီးရန်နှင့် လူမျိုးစုများကြား ပေါင်းစည်းညီညွတ်ခြင်း၊ အဖွဲ့အစည်းများ တည်ဆောက်ခြင်း၊ ပိုင်ဆိုင်မှု၊ နိုင်ငံတော်အဆင့်နှင့် ဒေသအဆင့်များအထိ ပါဝင်မှုစသည့် အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု နည်းဗျူဟာများ ဖြစ်ပေါ်လာရေး လိုအပ်မှုကို မီးမောင်းထိုးပြသည်။ တာဝန်ယူတာဝန်ခံမှုကို အာမခံရန်၊ ရှင်သန်လွတ်မြောက်သူ (ကျူးလွန်ခံရသူ) များကို ကုစားမှုများ ပေးရန်နှင့် ပြန်လည်ကုစားမှုနှင့် ပြန်လည်သင့်မြတ်ရေးတို့ကို မြှင့်တင်ရန် အလို့ငှာ တရားစွဲဆိုခြင်း၊ ပြန်လည်ကုစားခြင်း၊ အမှန်တရား ရှာဖွေခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတို့ပါဝင်သည့် တရားရေးလုပ်ငန်း၊ တရားရေးမဟုတ်သော စီမံချက်များဖြင့် ကျယ်ပြန့်သော ချဉ်းကပ်မှုဖြင့် ဆောင်ရွက်ရန် တိုက်တွန်းသည်။

၁။ အတိတ်ကဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှု ပုံစံများ၊ အကြောင်းတရားများနှင့် သက်ရောက်မှုများကို စုံစမ်းစစ်ဆေးသော အမှန်တရားရှာဖွေရေးလုပ်ငန်းစဉ်များသည် တရားစီရင်ရေးလုပ်ငန်းစဉ်ကို အကျိုးပြုသည့် အရေးကြီးသော အချက်များဖြစ်သည်။

၂။ အပြစ်ပေးခံရခြင်းမှ ကင်းလွတ်နေမှုအစဉ်အလာကို တိုက်ဖျက်ရေး၊ ကျူးလွန်ခံရသူများ၏ အမြင်သဘောထားများကို ထည့်သွင်းစဉ်းစားခြင်းနှင့် မျှတသောတရားစီရင်ရေးလုပ်ငန်းစဉ်များတွင် လူ့အခွင့်အရေးဆိုင်ရာ လုပ်ဆောင်ရမည့်တာဝန်များနှင့် လိုက်လျောညီထွေဖြစ်စေရေးတို့တွင် အခြေခံသော ပြည်တွင်းတွင် တရားစီရင်ရေးစွမ်းဆောင်မှုကို မြှင့်တင်ရန် လိုအပ်ပါသည်။

၃။ နိုင်ငံများသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများနှင့် နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေများကို ဆိုးဝါးပြင်းထန်စွာကျူးလွန်ချိုးဖောက်မှုများအတွက် တာဝန်ရှိသူများကို အရေးယူအပြစ်ပေးရန်အတွက် တာဝန်ဝတ္တရားရှိသည်။

၄။ နိုင်ငံများသည် လိင်ကွဲပြားမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကျူးလွန်ခံရသူများအားလုံးသည် တရားမျှတမှုကို အများနည်းတူ ရရှိရေးအတွက် အာမခံရန်နှင့် အကြမ်းဖက်မှုများအတွက် တာဝန်ရှိသူကို တရားစွဲဆို အပြစ်ပေးရန် တာဝန်ဝတ္တရားရှိသည်။

၅။ ကုလသမဂ္ဂက အတည်ပြုထောက်ခံသော ငြိမ်းချမ်းရေးသဘောတူညီချက်များတွင်  လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်ကို ဆန့်ကျင်သည့် ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများကို ပြင်းထန်စွာ ကျူးလွန်သူများကို အပြစ်ပေးအရေးယူမှုမှ လွတ်ငြိမ်းချမ်းသာခွင့်ကို မည်သည့်အခါမှ ဂတိပေးခြင်းမပြုရ။

၆။ ကျူးလွန်ခံရသူများ၏ အခွင့်အရေးများတွင် (က) ထိရောက်၍သာတူညီမျှသောတရားရေးစနစ်ကို ရရှိခွင့် (ခ) ထိခိုက်မှုများတွက်လုံလောက်သော၊ ထိရောက်၍ လျှင်မြန်သော ပြန်လည်ကုစားရေး လုပ်ငန်းများနှင့် (ဂ) ချိုးဖောက်ကျူးလွန်မှုများနှင့် ပြန်လည်ကုစားရေး လုပ် ငန်းစဉ်များနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ ရရှိရေးတို့ ပါဝင်သည်။

၇။ အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးသည် လူ့အခွင့်အရေးကို အခြေခံသည့် ချည်းကပ်မှုဖြင့် ပေါင်းစပ်သည့် တာဝန်ရှိသူများကို စိစစ်ထုတ်သည့် လုပ်ငန်းစဉ်ဖြစ်ရမည်။

၈။ လက်နက်ဖျက်သိမ်းရေး၊ တပ်ဖွဲ့များဖျက်သိမ်းရေးနှင့် ပြန်လည်ပေါင်းစည်းခြင်း (DDR) နှင့် အသွင်ကူးပြောင်းရေး ဆိုင်ရာတရားမျှတမှုသည် တခုနှင့်တခု ဆက်စပ်နေသည်။ ညှိနှိုင်းပေါင်းစပ်ခြင်းသည် ထိုလုပ်ငန်းစဉ်များကို အပြန်အလှန်အားကောင်းစေခြင်းနှင့် လိုက်လျောညီထွေဖြစ်မှုဖြစ်စေရန် အလွန်အရေးပါသည်။

၉။ တရားမျှတရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အပြန်အလှန်အကျိုးပြုသည့် မရှိအဖြစ်သော အရာများဖြစ်သည်။

၁၀။ နိုင်ငံတွင်း အကြံပြုချက်ရယူခြင်းသည်ကျယ်ပြန့်သောအသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု နည်းဗျူဟာများအတွက် အထောက်အကူပြုသည်။

၁၁။ ထိုလုပ်ငန်းစဉ်များတွင် အားနည်းသော အဖွဲ့အစည်းများ၏ အသံကို နားထောင်ရန် အရေးကြီးပြီး ခွဲခြားဖိနှိပ်ခြင်းနှင့် ပဋိပက္ခ၏ အခြားအခြေခံအကြောင်းတရားများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုအားလုံးကို ဖြေရှင်းနိုင်ရေး သေချာစေရန်အရေးကြီးသည်။

၁၂။ ရှင်သန်လွတ်မြောက်သူ (ကျူးလွန်ခံရသူ) အဖွဲ့အစည်းများ၊ လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ အခြားလူထုအခြေပြု လူမှုအဖွဲ့အစည်း အဖွဲ့ဝင်များနှင့် လွတ်လပ်၍အမှီအခိုကင်းသော မီဒီယာသတင်းဌာနများသည် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုရည်မှန်းချက်များ အောင်မြင်ရေး၊ လူမှုအဖွဲ့အစည်းအားပြန်လည်တည်ဆောက်ခြင်းနှင့် တာဝန်ယူတာဝန်ခံမှုနှင့်တရားဥပဒေစိုးမိုးရေး မြှင့်တင်ခြင်းအတွက် အရေးကြီးသောအခန်းကဏ္ဍတွင် ပါဝင်ကြပါသည်။

၁၃။ ပဋိပက္ခအတွင်းနှင့် ပဋိပက္ခလွန်ကာလများအတွင်း ‘အမျိုးသမီးများအပေါ် အကြမ်းဖက်မှု’ စကားရပ်သည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများဖြစ်သည့် မုဒိန်းပြုကျင့်မှု၊ လိင်ကျွန်ပြုခြင်း၊ အဓမ္မကိုယ်ဝန်ဆောင်စေခြင်းနှင့် အဓမ္မသားကြောဖြတ်ခြင်းများအတွက်သာ အကန့်အသတ်မရှိစေပဲ၊ ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အနာတရဖြစ်စေခြင်း သို့မဟုတ် အမျိုးသမီးများကို ထိခိုက်စေခြင်းတို့ကို ဖြစ်ပွားစေနိုင်သည့် အခြားလိင်ကွဲပြားမှုအခြေပြု အကြမ်းဖက်မှုများအားလုံးပါဝင်သည်။

၁၄။ ပဋိပက္ခကာလနှင့် ပဋိပက္ခလွန်ကာလများတွင် လိင်ပိုင်းဆိုင်ရာနှင့် လိင်ကွဲပြားမှုအပေါ် အခြေခံသော ကျူးလွန်မှုများသည် အမျိုးသားများနှင့် လူငယ်များအပေါ်တွင်လည်း ကျူးလွန်သည်။

၁၅။ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုလုပ်ငန်းစဉ်များတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ လိုအပ်ချက်များကို အသိအမှတ်ပြုရန် အရေးကြီးပြီး ကလေးသူငယ်များနှင့် ထိတွေ့ဆောင်ရွက်ခြင်းအပြင် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု လုပ်ငန်းစဉ်များ အားလုံးတွင် အမျိုးသမီးများ၏ အပြည့်အဝနှင့် တန်းတူညီမျှစွာပါဝင်နိုင်ရေးတို့သည် အရေးကြီးပါသည်။

၁၆။ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့်အညီ ကျူးလွန်ခံရသူနှင့် စွပ်စွဲခံရသူနှစ်ဦးလုံး၏ အခွင့်အရေးများကို လေးစားလိုက်နာရမည်။



# ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုအပေါ် လမ်းညွှန်ချက်များ



၂၀၁၀ ခုနှစ် မတ်လတွင် ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ ဘန်ကီမွန်းက 'ကုလသမဂ္ဂ၏ တရားဥပဒေစိုးမိုးရေးကို ခိုင်မာစေရေးမူဘောင်၏ အရေးပါသောအစိတ်အပိုင်းတခု' အဖြစ် ကုလသမဂ္ဂ၏ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုကို ချဉ်းကပ်ရန် အချက် ၁၀ ချက်ပါ လမ်းညွှန်ချက် ထုတ်ပြန်ခဲ့သည်။ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုလုပ်ငန်းစဉ်တွင် ကုလသမဂ္ဂ၏ ထိတွေ့မှုအပေါ် လမ်းညွှန်ချက် ၁၀ ချက်မှာ

၁။ အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု လုပ်ငန်းစဉ်များနှင့် ယန္တရားများကို ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာစံညွှန်းများနှင့် အညီ လိုက်လျောညီထွေဖြစ်စေရန်အတွက် တက်ကြွစွာ ကူညီ၍ အားပေးရန်

၂။ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုလုပ်ငန်းစဉ်များနှင့် ယန္တရားများကို ရေးဆွဲ အကောင်အထည်ဖော်ရာတွင် နိုင်ငံရေးနောက်ခံအခြေအနေများကို ဂရုပြုရန်

၃။ နိုင်ငံ၏ နောက်ခံအခြေအနေအပေါ် အခြေခံ၍ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု အကူအညီများကို ပေးအပ်ရန်နှင့် လူ့အသိုင်းအဝိုင်းအားလုံးပါဝင်သော ကျယ်ပြန့်သည့်အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်၏ အရည်အသွေးများကို ခိုင်မာအားကောင်းစေရန်

၄။ အမျိုးသမီးများ၏ အခွင့်အရေးများကို လေးစားလိုက်နာအာမခံရေး ကြိုးပမ်းအားထုတ်ရန်

၅။ ကလေးသူငယ်များ၏ အကဲဆတ်မှု ဂရုပြုသောချဉ်းကပ်မှုကို အားပေးရန်

၆။ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုလုပ်ငန်းစဉ်များနှင့် ယန္တရားများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် ကျူးလွန်ခံရသူများကို ဗဟိုပြုမှုကို သေချာစွာ အာမခံရန်

၇။ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု အစီအစဉ်များကို ပိုမိုကျယ်ပြန့်သော တရားဥပဒေစိုးမိုးရေး လုပ်ငန်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်

၈။ သင့်လျော်သော အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုလုပ်ငန်းစဉ်များနှင့် ယန္တရားများကိုပေါင်းစပ်ခြင်းဖြင့် ကျယ်ပြန့်သောချဉ်းကပ်မှုကို အားပေးမြှင့်တင်ရန်

၉။ အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်း ယန္တရားများသည် ပဋိပက္ခ၏ အခြေခံအကြောင်းတရားများနှင့် ဖိနှိပ်သော အုပ်ချုပ်မှုများကို ဖြေရှင်းရန်နှင့် အခွင့်အရေးချိုးဖောက်မှုများအားလုံးကို ဖြေရှင်းရန်အတွက် အာမခံရန်

၁၀။ ထိရောက်သော ညှိနှိုင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ပြုမှုဖြင့် ထိတွေ့ဆောင်ရွက်ရန်

**Sources**


1. Human rights and transitional justice. Resolution 21/15 adopted by Human Rights Council, A/HRC/RES/21/15, 11 October 2012; <www.right-docs.org/doc/a-hrc-res-21-15/>
2. Guidance Note of the Secretary-General: United Nations Approach to Transitional Justice, Maret 2010; <www.un.org/ruleoflaw/files/TJ_Guidance_Note_March_2010FINAL.pdf>